# အခြေအနေကတောင်းဆိုနေတဲ့ မြေအောက်လှုပ်ရှားမှု

ခလုတ်ထိမှအမိတတယ်ဆိုတာ လူတိုင်းပါ။ သူမှဒီလိုဖြစ်တယ်၊ ကိုယ်မှဒီလိုဖြစ်တယ်ဆိုတာမျိုးမဟုတ်ပါဘူး။ လူ့ဘ၀မှာဖြစ်နိုင်ခြေအားလုံးအတွက် ပြင်ဆင်ပြီးသားဖြစ်ဖို့ဆိုတာမလွယ်ပါဘူး။ ဒါပေမဲ့ စဉ်းစားရသရွေ့ကိုတော့ စဉ်းစားပြင်ဆင်ထားရပါမယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မတရားရုံးတင်အကျဉ်းချဖို့ နအဖကကြိုးစားလာတော့ တချို့ကအင်းစိန်ထောင်ကိုချီတက်ကြပြီး တချို့ကတော့ အလစ်အငိုက်ပိုစတာကပ်တာတွေ၊ စာရွက်ကြဲတာတွေလုပ်ကြတာတွေ့ရပါတယ်။ တိုက်ပွဲသဏ္ဍာန်အမျိုးအမည်များတာမို့ဝမ်းသာရပါတယ်။ ဒါပေမဲ့တဆက်ထဲတွေ့လာရတာက ဒါလောက်နဲ့မလုံလောက်၊ လုံးဝမလုံလောက်ဆိုတာပဲဖြစ်ပါတယ်။ ဒါဖြင့်ရင် တိုက်ပွဲအမျိုးမျိုးပေါ်ပေါက်အောင်သဏ္ဍာန်ကိုဘယ်လိုဖော်ထုတ်မလဲ။ ကိုယ့်အတွက်အထိအခိုက်အနည်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲ။ ရေရှည်သယ်ဆောင်သွားဖို့ ဘာနဲ့လုပ်မလဲ။ လက်တွေ့လုပ်မယ့်လူဟာ လက်တွေ့စဉ်းစားရပါမယ်။

ဒီလိုနဲ့ အခုတော့ မြေအောက်လုပ်ငန်းအဆောက်အအုံတွေ၊ ကွန်ယက်တွေလိုအပ်ကြောင်း သဘောပေါက်နားလည်လာတဲ့သူတွေများသတက်များလာပါတယ်။ ဒါပေမဲ့ တည်ဆောက်ကြ၊ လုပ်ကိုင်ကြတာတွေ တော်တော်များများဟာ စစ်ရောက်မှမြားချွန်ဆိုတာမျိုးဖြစ်နေပါတယ်။ တချို့ကတော့လည်း မြေအောက်ဆိုတာဘယ်လိုလုပ်ရသလဲလို့ အခုမှစူးစမ်း၊ မေးမြန်း၊ လေ့လာတာတွေလုပ်ကြပါတယ်။ ဘာပဲပြောပြော မလုပ်တာနဲ့စာရင် နောက်ကျတာကတော်သေးတယ်လို့ပဲ ဆိုကြပါစို့။

ဘာဖြစ်လို့မြေအောက်လုပ်ကြတာလဲ ဆိုတာကိုသဘောမပေါက်ကြလို့ နောက်ကျကြတာလို့ဆိုချင်ပါတယ်။ မြေအောက်လုပ်တယ်ဆိုတာ လွယ်လွယ်ပြောရရင် မြေပေါ်မှာလုပ်မရလို့ပဲဖြစ်ပါတယ်။ မတရားဖိနှိပ်မှုပြင်းထန်လှတဲ့ အုပ်စိုးသူတွေရဲ့လက်အောက်မှာနေရတဲ့ အဖိနှိပ်ခံတို့က မိမိတို့ရဲ့ထွက်ရပ်လမ်းကိုရှာကြရာမှာ မြေအောက်လုပ်ငန်းဟာ မဖြစ်မနေလုပ်ရတဲ့ လုပ်ငန်းတခုဖြစ်လာပါတယ်။ ပြည်သူတရပ်လုံး ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝခံစားခွင့်ရရင် ဘယ်သူမှမြေအောက်လုပ်မနေပါဘူး။ လုပ်မယ်ဆိုရင်လည်း ပတ်ဝန်းကျင်က ခွင့်မပြုပါဘူး။ ပေါ်ပေါ်ထင်ထင်၊ လွတ်လွတ်လပ်လပ်လုပ်လို့ရတဲ့ ကိစ္စတရပ်ကိုဘယ်သူကမှ အသက်အန္တရာယ်စွန့်စားပြီး လျှို့ဝှက်သဲဖိုလုပ်မနေပါဘူး။

ဒီတော့သမိုင်းမှာ မြေအောက်လုပ်ငန်းကို ဖက်ဆစ်နာဇီတွေလက်အောက်၊ ကိုလိုနီအုပ်စိုးသူတွေလက်အောက်မှာလုပ်ကြတာရှိသလို နအဖလိုဖိနှိပ်တဲ့ အာဏာရှင်တွေအောက်မှာလည်းလုပ်ကြပါတယ်။ ဒီနေရာမှာ မြေအောက်လုပ်ငန်းဆိုတာ မတရားဖိနှိပ်တဲ့အစိုးရတရပ်ကို ဆန့်ကျင့်ဖို့အတွက် အဲဒီအစိုးရမသိအောင်ဖွဲ့စည်းလှုပ်ရှားတာမျိုးကို ဆိုလိုတာဖြစ်ပါတယ်။ ဒါဟာမူးယစ်ဆေးဝါးလုပ်ငန်းလို၊ မာဖီးယားဂိုဏ်းလို၊ မှောင်ခိုစီးပွားရေးလုပ်ငန်းတွေလိုဟာတွေကို ဆိုလိုတာမဟုတ်ဘူးဆိုတာကို ဦးစွာရှင်းအောင်ပြောထားဖို့လိုပါတယ်။ အခုပြောနေတဲ့မြေအောက်လုပ်ငန်းဆိုတာဟာ နိုင်ငံရေးပြဿနာကအစပြုပြီး နိုင်ငံရေးဦးတည်ချက်တခုအတွက် လှုပ်ရှားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အစိုးရခွင့်မပြုတဲ့လုပ်ငန်းတိုင်းကို မဆိုလိုပါဘူး။

မြေအောက်လုပ်ငန်းဆိုတာ သူ့ချည်းလှုပ်ရှားရတာ၊ လက်နက်ကိုင်တိုက်ပွဲနဲ့တွဲဖက်လှုပ်ရှားရတာ၊ လူထုအုံကြွမှုနဲ့တွဲဖက်ရတာစသဖြင့် အနေအထားကိုလိုက်လို့ သူ့ရဲ့အခန်းကဏ္ဍတွေကကွဲပြားပါတယ်။ ဒါကိုတနည်းပြန်ပြောရရင် မြေအောက်လုပ်ငန်းဟာ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံကို အထောက်အကူပေးနိုင်တယ်ဆိုတာဖြစ်ပါတယ်။ ဒါပေမဲ့မြေအောက်လုပ်ငန်းအားလုံးဟာ လူထုကိုအခြေခံပြီး လူထုရဲ့ထောက်ခံအားပေးမှုကို အားပြုလုပ်ကိုင်ရတာဖြစ်ပါတယ်။ နောက်ပြီး မြေအောက်လုပ်ငန်းဟာ တိုင်းပြည်ရဲ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ တခါတလေမှာအရံအခန်း၊ တခါတလေမှာအဓိကအခန်းရယ်လို့လည်း အခြေအနေအရကွဲပြားပါသေးတယ်။

အထက်မှာပြောခဲ့သလိုပဲ မြေအောက်လုပ်ငန်းလုပ်တယ်ဆိုတာ အဖိနှိပ်ခံပြည်သူတွေက မိမိတို့ရဲ့ရည်မှန်းချက်ကို လွတ်လပ်စွာအကောင်အထည်ဖော်ခွင့်မရတဲ့အတွက် သယ်ဆောင်တဲ့နည်းနာတခုဖြစ်ပါတယ်။ ဒါနဲ့ပြောင်းပြန် အုပ်စိုးသူ၊ အာဏာရနေသူတွေက မြေအောက်လိုလုပ်တယ်ဆိုရင်တော့ ဒါဟာခိုးကြောင်ခိုးဝှက်၊ ကလိမ်ကကျစ်လုပ်တာသာဖြစ်တယ်ဆိုတာ ပြောထားဖို့လိုပါတယ်။ သူများနိုင်ငံအပေါ်သူလျှိုလုပ်တာ၊ ထောက်လှမ်းရေးလုပ်တာကိုလည်း မြေအောက်လုပ်ငန်းလို့ မဆိုနိုင်ပါဘူး။

တကယ်တော့ ဗမာပြည် ပြည်သူတွေဟာမြေအောက်လုပ်ငန်းအတွေ့အကြုံ အင်မတန်ကြွယ်ဝတယ်လို့ ပြောရင်ရပါတယ်။ တနိုင်ငံလုံး သူ့ကျွန်ဘဝရောက်တယ်ဆိုတာနဲ့ အင်္ဂလိပ်ကိုလိုနီတွေကို ပြန်ချဖို့ပြင်ဆင်ကြတဲ့ မင်းညီမင်းသားများနဲ့ လူထုတွေ၊ ဆရာတော်သံဃာတော်တွေရဲ့လှုပ်ရှားမှုတွေက စတွက်လိုက်ရင် ဗမာပြည်ရဲ့မြေအောက်လုပ်ငန်းသမိုင်းဟာ နှစ်ပေါင်း ၁၂၀ကျော်ပါပြီ။ ဒီလိုမြေအောက်လှုပ်ရှားမှုတွေကနေ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ရဲဘော်သုံးကျိပ်စတာတွေပေါ်ထွက်လာပြီး လွတ်လပ်ရေးတိုက်ပွဲကိုသယ်ဆောင်ခဲ့ကြပါတယ်။ ထောင်ထဲကနေ မြေအောက်လုပ်ငန်းလုပ်သူတွေကတဆင့် လွတ်လပ်ရေးတိုက်ပွဲကိုခေါင်းဆောင်ကြပါတယ်။ လွတ်လပ်ရေးနောက်ပိုင်းမှာလည်း မြေအောက်လှုပ်ရှားမှုတွေတောက်လျှောက် တည်ရှိခဲ့ပြီး မြို့ပေါ်လူထုအုံကြွမှုကြီးတွေအမြောက်အမြားကို ဖော်ထုတ်ခဲ့ကြပါတယ်။

တခြားနိုင်ငံတွေမှာလည်း အလားတူသာဓကတွေ အများကြီးရှိပါတယ်။ ပြောမကုန်ပါ။

ဒါကြောင့် ဗမာပြည်ရဲ့ ၁၉၄၈ခုနှစ်နောက်ပိုင်း အုပ်စိုးသူလူတန်းစား၊ အထူးသဖြင့်ဆိုရှယ်လစ်ပါတီနဲ့ သူတို့နဲ့နွယ်နေတဲ့ စစ်

အုပ်စုဟာ မြေအောက်လုပ်ငန်းကို အကြီးအကျယ်ကြောက်ရွံ့–ရွံ့မုန်းကြပါတယ်။ ဒီလိုနဲ့ပဲသူတို့ဟာ ပြည်သူတွေကိုဖိနှိပ်ဖို့၊ ခြောက်လှန့်ဖို့၊ အထူးသဖြင့် မြေအောက်လုပ်ငန်းတွေကို ရှာဖွေဖျက်ဆီးဖို့အတွက် ပြည်တွင်းပြည်ပမှာ နာမည်ဆိုးနဲ့ကျော်ကြားလှတဲ့ ထောက်လှမ်းရေးယန္တရားကြီးတခုကို တည်ဆောက်ထိန်းသိမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ အခုတော့အဲဒီထောက်လှမ်းရေးဆိုတာကြီးပဲ အစိပ်စိပ်အမြွှာမြွှာပြိုကွဲဖျက်သိမ်းခံခဲ့ရပြီး မြေအောက်လုပ်ငန်းတွေကတော့ ဆက်လက်တည်ရှိနေ၊ ထပ်မံပေါက်ဖွားနေပါတယ်။ ဒါက ဖော်ပြနေတာက စစ်အုပ်စုရဲ့ထောက်လှမ်းရေးယန္တရားဟာ တပွဲချင်းမှာပြည်သူ့အင်အားစုတွေအပေါ်မှာ အနိုင်ရတာတွေရှိပေမဲ့ တရားတခုလုံးအနေနဲ့တော့ အဆုံးမှာသူတို့ပဲအရှုံးနဲ့ဇာတ်သိမ်းရတယ်ဆိုတာဖြစ်ပါတယ်။

ဒါပေမဲ့ အုပ်စိုးသူအာဏာရှင်များဟာ မြေအောက်လုပ်ငန်းတွေတည်ရှိနေသရွေ့သူတို့အတွက် အန္တရာယ်ကြီးလှတာမို့ ဖြိုခွဲဖို့အတွက် ထောက်လှမ်းရေးလို အဖွဲ့အစည်းတွေဆက်ထူထောင်နေအုန်းမှာပဲဖြစ်ပါတယ်။ တိုးချဲ့နေ၊ အားဖြည့်နေအုန်းမှာလည်းဖြစ်ပါတယ်။

နအဖအစိုးရဟာ အခုလိုဒေါ်အောင်ဆန်းစုကြည်ကို အမှုဆင်ရုံးတင်လိုက်ခြင်းအားဖြင့် သူတို့ရှေ့ဆက်လျှောက်မယ့်လမ်း၊ ရှေ့ဆက်ကျင့်သုံးမယ့်လမ်းစဉ်တို့ကို ဖော်ပြလိုက်တာဖြစ်တယ်ဆိုရင်မမှားပါဘူး။ အဓိပ္ပာယ်က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ရွေးကောက်ပွဲတွေရဲ့ နောက်မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အဓိကဦးတည်ရန်သူအဖြစ်သဘောထား၊ ၁၉၉၀ခုနှစ်က လက်ကျန်အင်အားစုတွေကို မသေမရှင်ထား၊ တက်ကြွသူတွေကို ထောင်ထဲ၊ ဒါမှမဟုတ်ပြည်ပ၊ ဒါမှမဟုတ် တောထဲကိုမောင်းပို့ဆိုတဲ့ ပေါ်လစီကိုဆက်လက်ကျင့်သုံးသွားမယ် ဆိုတာပါပဲ။

ဗမာပြည်ရဲ့ ရှေ့အလားအလာဟာ အလင်းရောင်မမြင်ရတာမဟုတ်ပါဘူး။ ဒါပေမဲ့စိတ်ကူးယဉ်လို့မရတာတော့အမှန်ပါပဲ။ လူသားစားကျားကို တဖြည်းဖြည်းချင်းနဲ့ ဟင်းသီးဟင်းရွက်ပဲစားလာအောင် လေ့ကျင့်ပေးသွားမယ်ဆိုတာမျိုး မတွေးသင့်ပါဘူး။ ရေရှည်တိုက်ပွဲအတွက် စနစ်တကျပြင်ဆင်ရပါမယ်။ အဲဒီလိုပြင်ဆင်ရာမှာ အချို့သောတက်ကြွသူတွေက မြေအောက်လုပ်ငန်းအတွက်သီးသန့်ပြင်ဆင်တာကိုလည်း အာရုံထားလုပ်ရပါမယ်။

အပျော်ထမ်းဆံမှု၊ တပွဲတိုးဆံမှုတွေကိုဆန့်ကျင်ပြီး ရေရှည်အတွက် အမြင့်ဆုံးစွန့်လွှတ်မှုကိုပါ ပိုင်းဖြတ်ပြီး စနစ်တကျလုပ်ရပါမယ်။ ယူဂျီလုပ်တယ်ဆိုတာ အချိန်အားရှိလို့အပျော်ကစားတာမဟုတ်ပါဘူး။ သဘောတရားတခုကို လက်တည့်စမ်းတာမဟုတ်ပါဘူး။ ဖြစ်ကတတ်ဆန်း၊ တော်ရိလျော်ရိလုပ်လို့မဖြစ်ပါဘူး။ စစ်တိုက်သလိုပဲ အသက်ပေါင်း၊ ဘဝပေါင်းများစွာကို အရင်းအနှီးပြုပြီးလုပ်ကိုင်ရတာဖြစ်တယ်ဆိုတာ သဘောပေါက်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

နေရာတကာ၊ အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံထဲမှာ မြေအောက်ကွန်ယက်တွေဖြန့်ကျက် တည်ဆောက်ရပါမယ်။ ဒီလိုနဲ့ နအဖစစ်အာဏာရှင်တွေကို ဆန့်ကျင်တဲ့ဘယ်လိုလှုပ်ရှားမှုမျိုးကိုမဆို နည်းမျိုးပေါင်းစုံနဲ့တွဲဖက်ပေါင်းစပ်ကာ အောင်ပွဲဆီအတူတက်လှမ်းနိုင်ပါမယ်။

**ဖိုးသံချောင်း**